# နှစ်ဝက်ဘဏ္ဍာရေးရှင်းတမ်းအပေါ် စီမံခန့်ခွဲရေးအဖွဲ့၏ဆွေးနွေးချက်များနှင့် လေ့လာသုံးသပ်ချက်အား ထုတ်ပြန်ကြေညာခြင်း

ဖတ်(စ်)မြန်မာအင်ဗက်(စ်)မဲ့(န်) အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီ (“ကုမ္ပဏီ”) နှင့် ၎င်း၏ လက်အောက်ခံ ကုမ္ပဏီခွဲများ စုပေါင်း၍ (“ကုမ္ပဏီအုပ်စု”) ၏ ဒါရိုက်တာအဖွဲ့သည် ၂၀၂၁ ခုနှစ်၊ မတ်လ၊ (၃၁) ရက်နေ့တွင် ကုန်ဆုံးသော ခြောက်လတာ (“၂၀၂၁ ဘဏ္ဍာရေးနှစ်ဝက်”) အတွက် ကုမ္ပဏီ၏ စာရင်းစစ်သုံးသပ်ပြီး ဘဏ္ဍာရေးရှင်းတမ်းများအား ပူးတွဲ ထုတ်ပြန်ကြေညာအပ်ပါသည်။

နှိုင်းယှဉ်လေ့လာမှု ပြုလုပ်နိုင်ရန်အတွက် ကုမ္ပဏီ၏ စီမံခန့်ခွဲရေးအဖွဲ့ သည် ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့ မှ ၂၀၂၀ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ (“၂၀၂၀ ဘဏ္ဍာရေးနှစ်ဝက်”) ကာလကို ဖော်ပြထားသော နှစ်ဝက်ဘဏ္ဍာရေး အစီရင်ခံစာ နှင့်နှိုင်းယှဉ် သုံးသပ်တင်ပြထားပါသည်။ ဆွေးနွေးချက်နှင့် လေ့လာသုံးသပ်ချက်များမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

**KEY HIGHLIGHTS**

**Summary of Group Statement of Comprehensive Income**

| (MMK'000) | **HY 2021** (Unaudited) | HY 2020 (Unaudited) | % Change |
|---|---|---|---|
| Revenues | **164,065,048** | 177,108,555 | (7.4%) |
| Cost of revenues | **(86,412,959)** | (102,621,964) | 15.8% |
| Gross profit | **77,652,089** | 74,486,591 | 4.2% |
| *Gross margin* | ***47%*** | *42%* | |
| Administrative expenses | **(53,266,875)** | (51,698,601) | (3.0%) |
| Finance expenses | **(1,758,393)** | (5,143,037) | 65.8% |
| Other gains | **498,541** | 1,564,119 | (68.1%) |
| Share in (losses) of associates and joint ventures, net of tax | **(579,020)** | (68,379) | (746.8%) |
| Profit before income tax | **22,546,342** | 19,140,693 | 17.8% |
| Income tax expense | **(6,632,282)** | (6,418,747) | (3.3%) |
| **Profit for the period** | **15,914,060** | 12,721,946 | 25.1% |
| Fair value adjustment of available-for-sale investments | **(631,802)** | (64,175) | (884.5%) |
| Share of other comprehensive (losses)/ income of associates | **(5,070,192)** | 5,675,942 | (189.3%) |
| **Other comprehensive (loss)/income for the period, net of tax** | **(5,701,994)** | 5,611,767 | (201.6%) |
| **Total comprehensive income for the period** | **10,212,066** | 18,333,713 | (44.3%) |
| | | | |
| **Profit attributable to:**[1] | | | |
| Owners of the Company | **8,594,190** | 2,996,463 | |
| Non-controlling interests | **7,319,870** | 9,725,483 | |
| | **15,914,060** | 12,721,946 | |

[1] Net profit attributable to equity holders of the Company used for the computation of basic/diluted EPS has been adjusted for the distribution to the holders of perpetual securities.

**Earnings per share**

| | | | |
|---|---|---|---|
| Basic (MMK) | **269** | 111 | 142.3% |
| Diluted (MMK) | **214** | 83 | 157.8% |

၂၀၂၀ ခုနှစ် စက်တင်ဘာလမှ စတင်၍ COVID-19 ပြည်တွင်းကူးစက်မှု ဒုတိယလှိုင်းအဖြစ် ပြန်လည် များပြားလာခဲ့သော်လည်း၊ ၂၀၂၀ခုနှစ် အောက်တိုဘာလ နှင့် ၂၀၂၁ခုနှစ် ဇန်နဝါရီလ ကြားရှိ ကုမ္ပဏီအုပ်စု၏ ဝင်ငွေ ၊အကြွမ်းအမြတ်နှင့် လုပ်ငန်းလည်ပတ်မှုမှရရှိသောဝင်ငွေ (EBITDA) မှာ စီးပွားရေးလုပ်ငန်းများ ပုံမှန်ဆောင်ရွက်နိုင်သော ယခင်ကာလများ နှင့်ယှဉ်လျှင် သက်ရောက်မှုနည်းပါးခဲ့ပါသည်။ ထိုသို့ဖြစ်ရသည်မှာ ကုမ္ပဏီအုပ်စု၏ ဘဏ္ဍာရေး ဝန်ဆောင်မှု ကဏ္ဍ (“ရိုးမဘဏ်”) နှင့် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ (“ပန်းလှိုင်ဆေးရုံ”) တို့သည် COVID-19 ၏ အကျိုးသက်ရောက်မှုများကို ကောင်းမွန်စွာ တုန့်ပြန်နိုင်ခဲ့သောကြောင့် ဖြစ်ပါသည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ရက် နေ့မှ စတင်၍ နိုင်ငံအတွင်း နိုင်ငံရေးအပြောင်းအလဲများ ဖြစ်ပေါ်ခဲ့ပြီး အစိုးရအသစ်မှ ယာယီတာဝန်ယူကြောင်း ကြေညာခဲ့ပါသည်။ ထိုကာလမှစတင်၍ ကုမ္ပဏီအုပ်စု၏ လုပ်ငန်းဆောင်ရွက်မှုများတွင် ခန့်မှန်း၍ မရနိုင်သည့် လုပ်ငန်းခွင်မတည်ငြိမ်မှုများကို ရင်ဆိုင်ခဲ့ရပြီး လုပ်ငန်းများပုံမှန်အတိုင်း ဆက်လက်လည်ပတ်ရန်အတွက် များစွာ အကျိုးသက်ရောက်မှုရှိခဲ့ပါသည်။ ထို့ကြောင့် ရလဒ်အားဖြင့် ၂၀၂၁ ဘဏ္ဍာရေးနှစ်ဝက်ကာလအတွက် ကုမ္ပဏီအုပ်စု၏ ဝင်ငွေသည် ကျပ် ၁၆၄.၁ ဘီလီယံ ရရှိခဲ့သဖြင့် ၂၀၂၀ ဘဏ္ဍာရေးနှစ်ဝက်တွင် ရရှိခဲ့သော ကျပ် ၁၇၇.၁ ဘီလီယံ နှင့်နှိုင်းယှဉ်လျှင် ဝင်ငွေ ၇.၄% ကျဆင်းခဲ့ပါသည်။ အဓိကအကြောင်းအရင်းမှာ ဖေဖော်ဝါရီလ ၁ရက်နေ့ နောက်ပိုင်းတွင် ရင်ဆိုင်ရသော စီးပွားရေးအကျပ်အတည်းများကြောင့် ဘဏ္ဍာရေးဝန်ဆောင်မှုကဏ္ဍ မှ ဝင်ငွေများကျဆင်းသွားရခြင်းကြောင့် ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု၏ ဝင်ငွေများကို အောက်ပါအတိုင်း လုပ်ငန်းကဏ္ဍအလိုက် ခွဲခြမ်း စိတ်ဖြာနိုင်ပါသည် -

| (MMK'000) | **HY 2021**<br>(Unaudited) | HY 2020<br>(Unaudited) | % Change |
|---|---|---|---|
| Financial services | **146,752,811** | 159,201,128 | (7.8%) |
| Healthcare services | **17,178,406** | 17,873,647 | (3.9%) |
| Rental income | **18,000** | 27,000 | (33.3%) |
| Dividend income | **115,831** | 6,780 | 1,608.4% |
| **Total** | **164,065,048** | 177,108,555 | **(7.4%)** |

ဤအစီရင်ခံကာလအတွင်း ကုမ္ပဏီအုပ်စု၏ ဝင်ငွေ ၇.၄% ကျဆင်းရခြင်းမှာ အဓိကအားဖြင့် ဘဏ္ဍာရေးဝန်ဆောင်မှုကဏ္ဍကြောင့်ဖြစ်ပါသည်။ ဘဏ္ဍာရေးဝန်ဆောင်မှု ကဏ္ဍမှရရှိသော ဝင်ငွေသည် COVID-19 နှင့် နိုင်ငံရေး အပြောင်းအလဲတို့ကြောင့် ၂၀၂၀ ဘဏ္ဍာရေးနှစ်ဝက်တွင် ဝင်ငွေ ကျပ် ၁၅၉.၂ ဘီလီယံ ရရှိခဲ့ရာ မှ ၂၀၂၁ ဘဏ္ဍာရေးနှစ်ဝက် တွင် ကျပ် ၁၄၆.၈ ဘီလီယံ ရရှိခဲ့သဖြင့် ဝင်ငွေ ၇.၈% ကျဆင်းခဲ့ပါသည်။ ထိုသို့ ဝင်ငွေကျဆင်းရခြင်းမှာ အဓိကအား ဖြင့် ရိုးမဘဏ်မှ စာရင်းပိုထုတ်ချေးငွေများ၊ ချေးငွေများ၊ ကြိုတင်ငွေများ၊ စာရင်းပိုထုတ်ချေးငွေ AFP (Agribusiness Finance Program) ၊ AFP အထူး အရစ်ကျဝယ်ယူခြင်း-EMI (Equal Monthly Installment Method) ၊ အိမ်ရာချေးငွေများ၊ ဝန်ထမ်းကြိုတင် ထုတ်ချေးငွေများတို့မှ ရရှိသည့်အတိုးဝင်ငွေများ နည်းပါးလာခြင်း နှင့် အခြားသောဝင်ငွေများ (Non-Interest Income) တို့ လျော့ကျလာခြင်းတို့ကြောင့် ဖြစ်ပါသည်။

ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ မှ ဝင်ငွေသည် ၂၀၂၀ ဘဏ္ဍာရေးနှစ်ဝက်တွင် ကျပ် ၁၇.၉ ဘီလီယံ ရရှိခဲ့ရာမှ ၂၀၂၁ ဘဏ္ဍာရေးနှစ်ဝက်တွင် ကျပ် ၁၇.၂ ဘီလီယံ ရရှိခဲ့သဖြင့် ဝင်ငွေ ၃.၉ % ခန့် အနည်းငယ်မျှ ကျဆင်းခဲ့ပါသည်။

ပန်းလှိုင်ဆေးရုံအနေဖြင့် ဒီဇင်ဘာလတွင် COVID-19 စမ်းသပ်စစ်ဆေးမှု နှင့် ကုသမှုများမှ စတင်၍ ဝင်ငွေရရှိခဲ့သော်လည်း အခြားသောဝင်ငွေရလမ်းများဖြစ်သည့် ဆေးရုံ၊ဆေးခန်းဝန်ဆောင်မှုလုပ်ငန်းများဖြစ်သော ကျန်းမာရေး စစ်ဆေးမှုများ၊ အထွေထွေ ခွဲစိတ်ကုသမှုများ၊ အရိုးအထူးကုခြင်း၊ နှလုံးအထူးကုခြင်း၊ ဆေးဝါးရောင်းချခြင်း၊ ဓါတ်မှန်ရိုက်ခြင်း၊ ဓါတ်ခွဲခန်းဝန်ဆောင်မှုများ၊ သူနာပြု ဝန်ဆောင်မှုများ၊ ဒီဂျစ်တယ်နည်းဖြင့် ကျန်းမာရေးစောင့်ရှောက် မှု ပေးသည့် ဝန်ဆောင်မှုများ နှင့် ဆေးကုသခြင်း (Telemedicine) နှင့် အခြားသော ကျန်းမာရေး ဆိုင်ရာ ဝန်ဆောင်မှု များမှရရှိသည့် ဝင်ငွေသည် COVID-19 ကပ်ရောဂါဘေးအခြေအနေ နှင့် နိုင်ငံရေးအပြောင်းအလဲတို့ကြောင့် ယခုဘဏ္ဍာရေးနှစ်ဝက်တွင် မျှော်မှန်းထားသည့်ထက် လျော့နည်းရရှိခြင်း ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု၏ ၂၀၂၁ ဘဏ္ဍာရေးနှစ်ဝက်၏ အကြမ်းအမြတ်သည် ကျပ် ၇၇.၇ ဘီလီယံ ရှိရာ ၂၀၂၀ ဘဏ္ဍာရေးနှစ်ဝက်၏ အကြမ်းအမြတ် ကျပ် ၇၄.၅ ဘီလီယံ နှင့်နှိုင်းယှဉ်လျှင် ၄.၂% တိုးတက်ခဲ့ပါသည်။ ဤကဲ့သို့ အကြမ်းအမြတ် တိုးတက်လာခြင်း၏ အဓိကအကြောင်းအရင်းမှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ပျမ်းမျှ အတိုးနှုန်းကို ၇.၅% မှ ၅.၀% သို့ လျှော့ချပေးခဲ့ခြင်းကြောင့် ဘဏ္ဍာရေးဝန်ဆောင်မှုကဏ္ဍဖြစ်သော ရိုးမဘဏ်၏ အကြမ်းအမြတ်သည် အနည်းငယ် တိုးလာခြင်းကြောင့်လည်းကောင်း၊ ကျန်းမာရေးဝန်ဆောင်မှုကဏ္ဍဖြစ်သော ပန်းလှိုင်ဆေးရုံသည်လည်း အချိန်ပြည့် တာဝန်ယူထားသော ဆရာဝန်များ၏လုပ်အားခကို လျှော့ချပေးနိုင်ခြင်း နှင့် ပြည်ပမှ လာရောက်ဝန်ဆောင်မှု ပေးသော ဆရာဝန်များ၏ ဝန်ဆောင်ခများကို ရာနှုန်းပြည့်နီးပါး လျှော့ချနိုင်ခဲ့ခြင်းတို့ကြောင့်ဖြစ်ပါသည်။

ထို့အပြင် ကုမ္ပဏီအုပ်စု၏ စီမံခန့်ခွဲမှုဆိုင်ရာအသုံးစရိတ်သည် ၂၀၂၀ ဘဏ္ဍာရေးနှစ်ဝက်တွင် ကျပ် ၅၁.၇ ဘီလီယံ ရှိခဲ့ရာမှ ၂၀၂၁ ဘဏ္ဍာရေးနှစ်ဝက်တွင် ကျပ် ၅၃.၃ ဘီလီယံ သို့ အနည်းငယ်မြင့်တက်ခဲ့ပါသည်။ ထိုသို့ဖြစ်ရသည့် အကြောင်းအရင်းများမှာ ရိုးမဘဏ်မှ အနာဂတ်တွင်ဖြစ်ပေါ်လာနိုင်သည့် ဘဏ်ထုတ်ချေးငွေများအပေါ် ဆုံးရှုံးမှုများကို ကြိုတင်လျာထားခြင်း နှင့် စီမံခန့်ခွဲမှုအဖွဲ့ မှ COVID-19အခြေအနေ နှင့် လက်တလောဖြစ်ပေါ်နေသော နိုင်ငံရေး ပြောင်းလဲမှုများကို ထည့်သွင်းစဉ်းစားပြီး လုပ်ငန်းရေရှည်လည်ပတ်နိုင်ရန်အတွက် ဝန်ထမ်းများ၏ လစာငွေ လျှော့ချခြင်း၊ အသုံးစရိတ်များ လျှော့ချခြင်း၊ ကျွမ်းကျင် ပညာရှင်များအတွက်ပေးရသော အခကြေးငွေများကို လျှော့ချခြင်း နှင့် အခြားသော အထွေထွေကုန်ကျစရိတ်များကို ပြန်လည်စီစစ်လျှော့ချခြင်း အစရှိသော ကုမ္ပဏီအုပ်စု ၏ ကုန်ကျစရိတ်ထိန်းချုပ်ရေးအစီမံများကြောင့် စီမံခန့်ခွဲမှုဆိုင်ရာအသုံးစရိတ်များကို တစ်စိတ်တပိုင်းအားဖြင့် သက်သာ စေခဲ့ပါသည်။

ဘဏ္ဍာရေးဆိုင်ရာအသုံးစရိတ်များဖြစ်သော ချေးငွေစရိတ်သည် ၂၀၂၀ ဘဏ္ဍာရေးနှစ်ဝက်တွင် ကျပ် ၅.၁ ဘီလီယံ ရှိခဲ့ရာမှ ၂၀၂၁ ဘဏ္ဍာရေးနှစ်ဝက်တွင် ကျပ် ၁.၈ ဘီလီယံရှိသဖြင့် ၆၅.၈% အထိကျဆင်းခဲ့ပါသည်။ ၂၀၂၀ ဘဏ္ဍာရေးနှစ်ဝက်အတွင်း ကုမ္ပဏီ၏ အချို့သော ချေးငွေများကို ပြန်လည် ပေးဆပ်ခဲ့ခြင်း နှင့် ကုမ္ပဏီအုပ်စု၏ ကျပ်ငွေဖြင့် ရယူထားသော ချေးငွေများအပေါ်တွင်လည်း ဘဏ်အတိုးနှုန်းများ လျော့ကျခြင်းတို့ကြောင့် ဘဏ္ဍာရေးဆိုင်ရာ အသုံးစရိတ်များ ပိုမိုကျဆင်းသွားခဲ့ရခြင်း ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု၏ အခြားသော အကျိုးအမြတ်များ ရရှိမှုကို တင်ပြရလျှင် ၂၀၂၁ ဘဏ္ဍာရေးနှစ်ဝက်တွင် ကျပ် ၀.၅ ဘီလီယံ ရရှိခဲ့ပြီး၊ ၂၀၂၀ ဘဏ္ဍာရေးနှစ်ဝက်တွင် ကျပ် ၁.၆ ဘီလီယံ ရရှိခဲ့ခြင်း နှင့်နှိုင်းယှဉ်လျှင် လျော့နည်းခဲ့ပါသည်။ ထိုသို့လျော့နည်းရသည့် အကြောင်းအရင်းမှာ ကုမ္ပဏီအုပ်စု၏ အမေရိကန်ဒေါ်လာဖြင့် ချေးယူထားသော

ကြွေးမြီများအပေါ်တွင် နိုင်ငံခြားငွေဖလှယ်ခြင်းကြောင့်မှ ရရှိသောအမြတ်ငွေ နည်းပါးသောကြောင့် ဖြစ်ပါသည်။ ထို့အပြင် ၂၀၂၁ ဘဏ္ဍာရေးနှစ်ဝက်တွင် ကုမ္ပဏီအုပ်စု၏ ပုဂံဒေသတွင်ရှိသော ရင်းနှီးမြှုပ်နှံမှုများအား တန်ဖိုးပြန်လည်သတ်မှတ်ရာ မှ အမြတ်ငွေ ကျပ် ၁၁၃.၉ သန်း ရရှိခဲ့ပါသည်။ အသေးစိတ်အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| (MMK'000) | **HY 2021**<br>(Unaudited) | HY 2020<br>(Unaudited) |
|---|---|---|
| Fair value gain on investment properties | **113,880** | - |
| Gains on foreign currency exchange, net | **399,337** | 1,787,072 |
| (Loss)/Gain on disposal of property, and equipment | **(14)** | 22,200 |
| Gains on write-off of unclaimed dividend | **-** | 3,164 |
| Write-off of payable | **287** | - |
| Capital gains tax | **-** | (2,220) |
| Write-off of investment in associate | **-** | (187,363) |
| Write-off of property and equipment | **(14,949)** | (58,734) |
| **Total Other Gains** | **498,541** | 1,564,119 |

၂၀၂၁ ဘဏ္ဍာရေးနှစ်ဝက်တွင် ကုမ္ပဏီအုပ်စု၏ တွဲဖက်ကုမ္ပဏီများ နှင့် ဖက်စပ်ကုမ္ပဏီများထံမှ ရရှိခဲ့သော အရှုံးများတို့၏ အသေးစိတ်ကို အောက်ပါ အတိုင်း ခွဲခြမ်းစိတ်ဖြာ၍ တင်ပြထားပါသည်။

| | | **Group Share of Profit/(Loss)** | |
|---|---|---|---|
| (MMK'000) | **Stake** | **HY 2021**<br>(Unaudited) | HY 2020<br>(Unaudited) |
| Chindwin Holdings Pte. Ltd. | 30.0% | **104,777** | (426,547) |
| Meeyahta International Hotel Limited | 20.0% | **115,987** | (104,636) |
| FMIDecaux Company Limited | 40.0% | **(356,982)** | 225,504 |
| CLW Development Limited | 25.0% | **(312,471)** | - |
| Thanlyin Estate Development Limited | 30.0% | **(125,678)** | 286,385 |
| FMI Garden Development Limited | 47.5% | **(5,529)** | (50,264) |
| Pun Hlaing Links Services Company Limited | 30.0% | **1,443** | 1,393 |
| Kawthaung Hill Investment Limited | 37.5% | **(392)** | - |
| LSC-FMI Company Limited | 50.0% | **(175)** | (214) |
| **Total Share of Losses** | | **(579,020)** | (68,379) |

အထက်ပါ တွဲဖက်ကုမ္ပဏီများ နှင့် ဖက်စပ်ကုမ္ပဏီများ၏ အရှုံး အမြတ်အား အချိုးကျခွဲဝေကျခံရာတွင် ၂၀၂၀ ဘဏ္ဍာရေးနှစ်ဝက်တွင် အရှုံးငွေ ကျပ် ၆၈.၄ သန်းရှိခဲ့ရာ မှ ၂၀၂၁ ဘဏ္ဍာရေးနှစ်ဝက်တွင် အရှုံးငွေ ကျပ် ၅၇၉.၀ သန်းကိုရရှိခဲ့ပါသည်။ ထိုသို့ အရှုံးငွေ ပိုမိုရရှိလာရသည့် အဓိကအကြောင်းရင်းမှာ Thanlyin Estate Development Co., Ltd ၏ ရရန်ရှိများ (Accounts Receivable) အပေါ်တွင် ဆုံးရှုံးနိုင်ခြေကို ကြိုတင်လျာထားခြင်း နှင့် ဆောက်လက်စလုပ်ငန်းပိုင်ပစ္စည်းများအပေါ်တွင် ဖြစ်ပေါ်လာနိုင်သော ဆုံးရှုံးမှုများကို ကြိုတင်လျာထားခြင်း များကြောင့်ဖြစ်ပါသည်။

ထို့အပြင် Chindwin Holdings Pte Ltd နှင့် Meeyahta International Hotel Ltd တို့ထံမှ နိုင်ငံခြားငွေကြေးဈေးကွက်တန်ဖိုးပြန်လည်သတ်မှတ်မှုမှ ရရှိလာသော အကျိုးအမြတ်အနေဖြင့် ၂၀၂၁ ဘဏ္ဍာရေးနှစ်ဝက်တွင် ကျပ် ၁၀၄.၈ သန်း နှင့် ၁၁၆.၀ သန်းတို့ကို ရရှိခဲ့သောကြောင့် ဖြစ်ပါသည်။ ကုမ္ပဏီအုပ်စု အနေဖြင့် FMIDecaux ၏ ရင်းနှီးမြှုပ်နှံမှုမှ ယခင် ၂၀၂၀ ဘဏ္ဍာရေးနှစ်ဝက်တွင် အမြတ်ငွေကျပ် ၂၅၅.၅ သန်း ရရှိရာမှ ယခု ၂၀၂၁ ဘဏ္ဍာရေးနှစ်ဝက်တွင် အချိုးကျအရှုံးငွေကျပ် ၃၅၇.၀ သန်းရရှိခဲ့ပါသည်။ ထိုသို့ဖြစ်ရသည်မှာ မြန်မာနိုင်ငံ၏ နိုင်ငံရေးမတည်ငြိမ်မှုများကြောင့် ရန်ကုန်မြို့အတွင်းရှိ ကြော်ငြာလုပ်ငန်းများအပ်နှံမှု သိသိသာသာ ကျဆင်းသွားခြင်းကြောင့်ဖြစ်ပါသည်။ ထို့အပြင် ကုမ္ပဏီအုပ်စု၏ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလတွင် အသစ်ဖွဲ့စည်း ထူထောင်ခဲ့သော ဖက်စပ်ကုမ္ပဏီတစ်ခု ဖြစ်သည့် CLW Development Limited (“JV Company”) ကို FMI မှ ၂၅% ပိုင်ဆိုင်ပြီး၊ ၂၀၂၁ ဘဏ္ဍာရေးနှစ်ဝက်တွင်  အရှုံးငွေ ကျပ် ၃၁၂.၅ သန်းကို အချိုးကျ ကျခံခဲ့ပါသည်။ အရှုံးပေါ်ရသည့် အဓိက အကြောင်းရင်းမှာ လုပ်ငန်းစတင်ဖွဲ့စည်းသည့် ကနဦးကုန်ကျစရိတ်များ၊ ဘဏ္ဍာရေး အသုံးစရိတ်များ နှင့် အစုရှယ်ယာရှင်များထံမှ အမေရိကန်ဒေါ်လာဖြင့် ရယူထားသော ချေးငွေများ၏ နိုင်ငံခြားငွေလဲလှယ်မှုကြောင့် ဖြစ်ပေါ်လာသည့် ဆုံးရှုံးမှုများကို စာရင်းသင့်ကျခံရခြင်း ကြောင့်ဖြစ်ပါသည်။

အထက်ပါအကြောင်းများကြောင့် ရလဒ်အနေဖြင့် ကုမ္ပဏီအုပ်စုသည် ၂၀၂၁ခုနှစ် မတ်လ ၃၁ ရက်တွင် ကုန်ဆုံးသော ခြောက်လကာလအတွက် အသားတင်အမြတ်ငွေကျပ် ១၅.၉ ဘီလီယံ ရရှိခဲ့သောကြောင့် ၂၀၂၀ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသော ခြောက်လကာလအတွက် အသားတင်အမြတ်ငွေကျပ် ၁၂.၇ ဘီလီယံ နှင့်ယှဉ်လျှင် အမြတ်ငွေ တိုးတက်ခဲ့ပါသည်။

ကုမ္ပဏီအုပ်စုသည် ၎င်း၏ ကာလတို ရင်းနှီးမြှုပ်နှံမှု (Availabel-for-sale) များအား တန်ဖိုးများ ပြန်လည်သင့်ရာတွင် ၂၀၂၀ ဘဏ္ဍာရေး နှစ်ဝက်အတွင်း ကျပ် ၆၄.၂ သန်း အရှုံးပေါ်ခဲ့ပြီး ၂၀၂၁ ဘဏ္ဍာရေးနှစ်ဝက်တွင် ကျပ် ၆၃၁.၈ သန်း ဆုံးရှုံးခဲ့ပါသည်။ ကုမ္ပဏီအုပ်စု၏ အဆိုပါရင်းနှီးမြှုပ်နှံမှုများအား တန်ဖိုးပြန်လည်သင့်မှု အသေးစိတ်အား အောက်ပါအတိုင်း တင်ပြထားပါသည်။

| Investments (MMK'000) | Carrying Value Before Adjustment | Fair Value Adjustment | Carrying Value after Adjustment |
|---|---|---|---|
| MTSH | 2,380,961 | (128,701) | 2,252,260 |
| Memories Group | 1,602,560 | (503,101) | 1,099,459 |
| **Total** | **3,983,521** | **(631,802)** | **3,351,719** |

အထက်ဖော်ပြပါ တန်ဖိုးပြန်လည်သင့်ခြင်းကြောင့် ဖြစ်ပေါ်လာသည့် အရှုံးများမှာ YSX တွင် စာရင်းဝင်ထားသည့် Myanmar Thilawa SEZ Holdings Public Ltd (“MTSH”) နှင့် SGX တွင် စာရင်းဝင်ထားသည့် Memories Group Limited (“Memories Group)  တို့တွင် ရင်းနှီးမြှုပ်နှံထားသော အစုရှယ်ယာဈေးကွက်ပေါက်ဈေးများ ကျဆင်းခြင်းကြောင့်ဖြစ်ပေါ်လာသည့် တန်ဖိုးသင့်အရှုံး ဖြစ်ပါသည်။

၂၀၂၁ ဘဏ္ဍာရေးနှစ်ဝက်တွင် ကုမ္ပဏီအုပ်စုသည် တွဲဖက်ကုမ္ပဏီများထံမှ အချိုးကျခံရသည့် အရှုံးငွေ ကျပ် ၅.၁ ဘီလီယံ ဖြစ်ပေါ်ခဲ့ပါသည်။ ထိုသို့ အရှုံးငွေအချိုးကျခံရသည့် အဓိက အကြောင်းရင်းမှာ ကုမ္ပဏီအုပ်စု၏ တွဲဖက်ကုမ္ပဏီများရှိ နိုင်ငံခြားငွေစာရင်းအား မြန်မာကျပ်ငွေဖြင့် ပြောင်းလဲစာရင်းသင့်ရာမှ ဖြစ်ပေါ်လာသော စာရင်းညှိနှိုင်းဆောင်ရွက်ချက်များကြောင့်ဖြစ်ပါသည်။ ထိုရလဒ်အနေဖြင့် ကုမ္ပဏီအုပ်စု၏ စုစုပေါင်း အခြားဝင်ငွေမှာ  ၂၀၂၀ ဘဏ္ဍာရေး

နှစ်ဝက်အတွင်း ရရှိခဲ့သော ကျပ် ၁၈.၃ ဘီလီယံ နှင့်နှိုင်းယှဉ်လျှင် ၂၀၂၁ ဘဏ္ဍာရေးနှစ်ဝက်တွင် ကျပ် ၁၀.၂ ဘီလီယံသာ ရရှိခဲ့သည့်အတွက် ဝင်ငွေ ၄၄.၃% ကျဆင်းခဲ့ပါသည်။

အထက်ဖော်ပြပါ အချက်အလက်များအပေါ်အခြေခံ၍ ကုမ္ပဏီအုပ်စုသည် ၂၀၂၁ ဘဏ္ဍာရေးနှစ်ဝက်တွင် အစုရှယ်ယာရှင်များနှင့်သက်ဆိုင်သည့် အသားတင်အမြတ်ငွေ ကျပ် ၈.၆ ဘီလီယံကို ရရှိခဲ့ပြီး၊ ၂၀၂၀ ဘဏ္ဍာရေး နှစ်ဝက်တွင် ရရှိခဲ့သော ကျပ် ၃.၀ ဘီလီယံ နှင့်နှိုင်းယှဉ်ပါက တိုးတက်ခဲ့ပါသည်။

၂၀၂၁ ဘဏ္ဍာရေးနှစ်ဝက်တွင် အမြတ်ရရှိခဲ့သဖြင့် ကုမ္ပဏီ၏ အစုရှယ်ယာရှင်များနှင့်သက်ဆိုင်သည့် တစ်စုအပေါ် ရရှိသည့်အခြေခံဝင်ငွေ (Basic EPS) မှာ ၂၆၉ ကျပ် ဖြစ်သည့်အတွက် ၁၄၂.၃% အထိ တိုးတက်ခဲ့ပါသည်။ ရှယ်ယာတစ်စုအတွက် လျှော့ကျရရှိမည့် ဝင်ငွေ (Diluted EPS) မှာ ၂၁၄ ကျပ် ဖြစ်ပါသည်။ Diluted EPS အား နောင်တွင်ထုတ်ဝေပေးရမည့် အစုရှယ်ယာများအား ၂၀၂၁ခုနှစ် မတ်လ ၃၁ရက်တွင် ထုတ်ဝေပြီးအနေအထား နှင့် ပျှမ်းမျှအခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု၏ ဘဏ္ဍာရေးအခြေအနေ အနှစ်ချုပ်စာရင်းရှင်းတမ်း ကို ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် ကုန်ဆုံးသည့် ယခင်ဘဏ္ဍာရေးနှစ် အခြေအနေ နှင့် အောက်ပါအတိုင်း ပူးတွဲဖော်ပြအပ်ပါသည်။

**Summary of Group Balance Sheet**

| (MMK'000) | **As at 31-Mar-2021** (Unaudited) | As at 30-Sep-2020 (Audited) | % Change |
|---|---|---|---|
| **ASSETS** | | | |
| Total current assets | **3,192,774,645** | 3,059,673,392 | 4.4% |
| Total non-current assets | **575,503,059** | 552,711,392 | 4.1% |
| Total assets | **3,768,277,704** | 3,612,384,784 | 4.3% |
| **LIABILITIES** | | | |
| Total current liabilities | **3,246,621,461** | 3,101,233,435 | (4.7%) |
| Total non-current liabilities | **5,475,779** | 5,168,789 | (5.9%) |
| Total liabilities | **3,252,097,240** | 3,106,402,224 | (4.7%) |
| **NET ASSETS** | **516,180,464** | 505,982,560 | 2.0% |
| **EQUITY** | | | |
| Equity attributable to the equity owners of the Company | **406,001,517** | 403,109,321 | |
| Non-controlling interest | **110,178,947** | 102,873,239 | |
| Total equity | **516,180,464** | 505,982,560 | 2.0% |

စုစုပေါင်း လက်ငင်းရပိုင်ခွင့်များသည် ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် ကျပ် ၃,၀၅၉.၇ ဘီလီယံ ရှိခဲ့ရာမှ ၂၀၂၁ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် ကျပ် ၃,၁၉၂.၈ ဘီလီယံအထိ တိုးတက်လာခဲ့ပါသည်။ ထိုသို့ တိုးတက်လာရသည့် အဓိကအကြောင်းရင်းမှာ ဘဏ္ဍာရေး ဝန်ဆောင်မှုကဏ္ဍတွင် ရိုးမဘဏ်၏ ထုတ်ချေးငွေအမျိုးမျိုး၊ ငွေသားလက်ကျန်များ၊ ရရန်ရှိများ (Trade & other receivables) တို့ကြောင့် ဖြစ်ပါသည်။

စုစုပေါင်း လက်ငင်းမဟုတ်သော ရပိုင်ခွင့်များသည် ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် ကျပ် ၅၅၂.၇ ဘီလီယံ ရှိခဲ့ရာမှ ၂၀၂၁ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် ကျပ် ၅၇၅.၅ ဘီလီယံ သို့ အနည်းငယ် မြင့်တက်ခဲ့ပါသည်။ ထိုသို့မြင့်တက်လာရသည့် အကြောင်းရင်းမှာ ရိုးမဘဏ်အနေဖြင့် အစိုးရငွေတိုက်စာချုပ်များ (Treasury bills and Treasury bonds) တို့တွင် ထပ်မံရင်းနှီးမြှုပ်နှံခြင်း၊ ကုမ္ပဏီအုပ်စု မှ Yoma Central စီမံကိန်းတွင် ထပ်တိုးရင်းနှီးမြှုပ်နှံမှုများ ထည့်ဝင်ခြင်း နှင့် ကုမ္ပဏီအုပ်စု၏ တွဲဖက်ကုမ္ပဏီများသို့ ရင်းနှီးမြှုပ်နှံမှု ထည့်ဝင် ငွေအား ကြိုတင်စိုက်ထုတ်ပေးခြင်း များကြောင့်ဖြစ်ပါသည်။

စုစုပေါင်း လက်ငင်းပေးရန် တာဝန်မှာ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် ရှိသော ကျပ် ၃,၁၀၁.၂ ဘီလီယံ နှင့်နှိုင်းယှဉ်လျှင် ၂၀၂၁ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် ကျပ် ၃,၂၄၆.၆ ဘီလီယံ သို့ တိုးလာပါသည်။ ထိုသို့ တိုးလာရသည့် အဓိကအကြောင်းရင်းမှာ ရိုးမဘဏ်မှ ငွေချေးသက်သေခံ လက်မှတ်များကို ပြန်လည်ဝယ်ယူရန် ကြိုတင်ကတိဖြင့် ရောင်းချခဲ့ခြင်း (repo) နှင့် ကုမ္ပဏီအုပ်စု၏ ဘဏ္ဍာရေးဝန်ဆောင်မှုကဏ္ဍမှ အခြားရရန်ရှိများ (Trade & other receivables) တိုးလာခြင်းကြောင့်ဖြစ်ပါသည်။

စုစုပေါင်း လက်ငင်းမဟုတ်သော ပေးရန်တာဝန်များမှာ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် ကျပ် ၅.၂ ဘီလီယံ ရှိရာမှ ၂၀၂၁ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် ကျပ် ၅.၅ ဘီလီယံသို့ အနည်းငယ် မြင့်တက်လာခဲ့ပါသည်။

အစုရှယ်ယာရှင်များ၏ အသားတင်ပိုင်ဆိုင်မှုသည် ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် ကျပ် ၄၀၃.၁ ဘီလီယံ ဖြစ်ခဲ့ပြီး ၂၀၂၁ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် ကျပ် ၄၀၆.၀ ဘီလီယံ သို့ တိုးတက်လာခဲ့ပါသည်။ ထိုသို့ တိုးတက်လာသည့် အဓိက အကြောင်းရင်းမှာ ၂၀၂၁ ဘဏ္ဍာရေးနှစ်ဝက်တွင် အသားတင် အမြတ်ငွေ ၁၅.၉ ဘီလီယံ တိုးတက်ရရှိခဲ့သောကြောင့် ဖြစ်ပါသည်။

၂၀၂၁ခုနှစ် မတ်လ ၃၁ရက်နေ့အထိ ကုမ္ပဏီအုပ်စု၏မတည်ရင်းနှီးငွေ ၂.၀% တိုးတက်လာရသည့် အကြောင်းအရင်းမှာ လက်အောက်ခံကုမ္ပဏီတစ်ခုဖြစ်သည့် ဘဏ်ဝန်ဆောင်မှုလုပ်ငန်း၏ အစုရှယ်ယာဝင်များ ပြောင်းလဲမှုကြောင့် ဖြစ်ပါသည်။

၂၀၂၁ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ ကုမ္ပဏီအုပ်စု၏ ငွေသားနှင့် ဘဏ်လက်ကျန်မှာ အကြမ်းအားဖြင့် ကျပ် ၅၉၉.၂ ဘီလီယံ ရှိပါသည်။ ကုမ္ပဏီ၏ ငွေစာရင်းရှင်းတမ်း အနှစ်ချုပ်ကို အောက်ပါအတိုင်း တင်ပြအပ်ပါသည် -

**Summary of Group Cash Flow Statement**

| (MMK'000) | **HY 2021** (Unaudited) | HY 2020 (Unaudited) | % change |
|---|---|---|---|
| Net cash provided by/(used in) operating activities | **96,322,799** | (18,064,012) | 633.2% |
| Net cash provided by investing activities | **49,775,960** | 25,594,849 | 94.5% |
| Net cash provided by financing activities | **3,647,076** | 136,568,334 | (97.3%) |
| Net increase in cash and cash equivalents | **149,745,835** | 144,099,171 | 3.9% |
| Cash and cash equivalents at beginning of the period | **449,486,803** | 384,154,922 | 17.0% |
| Cash and cash equivalents at the end of the period | **599,232,638** | 528,254,093 | 13.4% |

ကုမ္ပဏီအုပ်စု၏ ငွေသားလက်ကျန်မှာ ၂၀၂၀ ပြည့်နှစ် မတ်လ ၃၁ ရက်နေ့တွင် ကျပ် ၅၂၈.၃ ဘီလီယံ ရှိခဲ့ရာမှ ၂၀၂၁ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် ကျပ် ၅၉၉.၂ ဘီလီယံအထိ ရှိခဲ့သည့်အတွက် ၁၃.၄% တိုးတက်ခဲ့ပါသည်။ ကုမ္ပဏီအုပ်စု၏ ငွေစာရင်းရှင်းတမ်းတွင် ဖော်ပြထားသော ငွေသားလက်ကျန်အများစုမှာ ရိုးမဘဏ်မှ ငွေလက်ကျန်များ ဖြစ်ပါသည်။ ၂၀၂၁ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ ကုမ္ပဏီအုပ်စုသည် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ လုပ်ရပ်များအတွက် ကျပ် ၉၆.၃ ဘီလီယံ ကို သုံးစွဲခဲ့ပြီး အဓိကအားဖြင့် ရိုးမဘဏ်မှ ငွေချေးသက်သေခံ လက်မှတ်များကို ပြန်လည်ဝယ်ယူရန် ကြိုတင်ကတိဖြင့် ရောင်းချခဲ့ခြင်း (repo) ကြောင့် ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာ လုပ်ရပ်များမှ ရရှိခဲ့သော အသားတင် ငွေသားစီးဆင်းမှုမှာ ၂၀၂၀ ဘဏ္ဍာရေးနှစ်ဝက်တွင် ကျပ် ၂၅.၆ ဘီလီယံရှိခဲ့ရာမှ ၂၀၂၁ ဘဏ္ဍာရေးနှစ်ဝက်တွင် ကျပ် ၄၉.၈ ဘီလီယံသို့ တိုးလာခဲ့ပါသည်။ ထိုသို့ တိုးလာရသည်မှာ အဓိကအားဖြင့် ရိုးမဘဏ်၏ အစိုးရငွေတိုက်စာချုပ်များ နှင့် အခြားသော ငွေချေးသက်သေခံ လက်မှတ်များကို ရောင်းချခဲ့ ခြင်းကြောင့် ဖြစ်ပါသည်။ ဘဏ္ဍာရေးဆိုင်ရာလုပ်ရပ်များမှရရှိခဲ့သော ကုမ္ပဏီအုပ်စု၏ အသားတင် ငွေသား မှာ ၂၀၂၁ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသော ခြောက်လတာ ကာလတွင် ကျပ် ၃.၇ ဘီလီယံရှိခဲ့ပါသည်။

**သုံးသပ်ချက်နှင့် အနာဂတ်မျှော်မှန်းချက်များ**

**အခြေအနေနှင့် သက်ရောက်မှုများ**

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစတင်၍ ပြည်တွင်း စီးပွားရေးလုပ်ငန်းများ နှင့် ကုန်သွယ်မှုများသည် လူထုလှုပ်ရှားမှု၊ ပြည်သူ့ဆန္ဒဖော်ထုတ်မှု၊ ဘဏ်လုပ်ငန်း၊ သယ်ယူပို့ဆောင်မှုလုပ်ငန်း နှင့် အင်တာနက်ဝန်ဆောင်မှုများ အပါအဝင် မရှိမဖြစ်လိုအပ်သော ပြည်သူ့ဝန်ဆောင်မှုများ ပြတ်တောက်မှုတို့ကြောင့် များစွာထိခိုက်နစ်နာခဲ့ပါသည်။ အထက်ပါအကြောင်းများကြောင့် COVID-19 ဒုတိယလှိုင်း၏ စိန်ခေါ်မှုများအား ရင်ဆိုင်နေရဆဲ အခြေအနေများ ကိုလည်း ပိုမို ဆိုးရွားစေခဲ့ပါသည်။ ထို့ကြောင့် ၂၀၂၁ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့တွင် ကမ္ဘာ့ဘဏ်က မြန်မာ့စီးပွားရေး ကဏ္ဍကို မူလ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၀ရက်နေ့ ထုတ်ပြန်ချက်အရ ၅.၉% တိုးတက်မည်ဟုခန့်မှန်းခဲ့ ရာမှ ၁၀ ရာခိုင်နှုန်းခန့် ကျဆင်းသွားလိမ့်မည်ဟု ပြောင်းလဲ ခန့်မှန်းခဲ့ပါသည်။

လူမှုစီးပွားရေးကဏ္ဍအတွင်း မရှိမဖြစ်လိုအပ်သော ပြည်သူ့ဝန်ဆောင်မှုများသည် အောက်ပါအတိုင်း သိသာထင်ရှားစွာ ထိခိုက်မှုများ ဖြစ်ပေါ်ခဲ့ပါသည်။

- **ဘဏ်ဝန်ဆောင်မှုများ ပုံမှန်မလည်ပတ်နိုင်ခြင်း။** ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ မှ ဧပြီလအတွင်း ဘဏ်ဝန်ထမ်း များသည် လူထုဆန္ဒထုတ်ဖော်မှုများတွင် ပါဝင်သောကြောင့် မရှိမဖြစ်လိုအပ်သော ဘဏ်လုပ်ငန်း ဝန်ဆောင်မှုများ ဖြစ်သည့် ငွေချေးခြင်း၊ ငွေလွှဲခြင်းနှင့် ဘဏ်အချင်းချင်း ငွေပေးချေခြင်း စသည်တို့ကို ဆောင်ရွက်ရန် များစွာ ခက်ခဲစေခဲ့ပါသည်။ အချို့သော ဘဏ်လုပ်ငန်းဝန်ဆောင်မှုများအား ဧပြီလကုန်တွင် ပြန်လည်လည်ပတ်နိုင်ခဲ့သော် လည်း ဘဏ်ချေးငွေထုတ်ပေးနိုင်မှုတွင် အကန့်အသတ်များဆက်လက်ရှိနေသောကြောင့် ဘဏ်ချေးငွေအပေါ်မှီခို၍ အိမ်ခန်းများ ဝယ်ယူကြသော Customer များ အပေါ် များစွာ သက်ရောက်မှုရှိခဲ့ပါသည်။

- **ငွေသားပြတ်လတ်မှုဆိုင်ရာအခက်ခဲများ။** ငွေသားထုတ်ယူခြင်းအား သီတင်းတစ်ပတ်လျှင် လူပုဂ္ဂိုလ်တစ်ဦး အတွက် ကျပ် (၂) သန်းနှင့် ကုမ္ပဏီအဖွဲ့အစည်းများအတွက် ကျပ် (၂၀) သန်းအထိသာ ထုတ်ယူနိုင်သည့် ကန့်သတ် စည်းမျဉ်းများရှိခြင်းကြောင့် ငွေသားလည်ပတ်မှု သိသိသာသာ လျော့နည်းသွားပါသည်။ ဘဏ်များမှ ငွေသား

ထုတ်ယူနိုင်မှုအား ယုံကြည်အားကိုးရန် လျော့နည်းခြင်းကြောင့် ဘဏ်များသို့ ငွေသားပြန်လည်စီးဝင်မှု မရှိဘဲ စီးပွားရေးကဏ္ဍသည် ငွေသားအခြေပြုစီးပွားရေးသို့ အလျင်အမြန် ပြန်လည်ရောက်ရှိသွားခဲ့ပါသည်။ ထိုဖြစ်ရပ်သည် ကုမ္ပဏီအုပ်စု၏ ဘဏ်လုပ်ငန်း လည်ပတ်မှု စွမ်းရည်ကို ကြီးမားစွာ သက်ရောက်မှုရှိခဲ့ပါသည်။

- **အင်တာနက် ကန့်သတ်မှု ။** ၂၀၂၁ ခုနှစ် ဧပြီလမှ စ၍ 4G မိုဘိုင်း အင်တာနက် အသုံးပြုမှုကို ရပ်ဆိုင်းခဲ့သောကြောင့် ရိုးမဘဏ်၏ စမတ်ဘဏ်လုပ်ငန်း အက်ပလီကေးရှင်း နှင့် Wave Money အက်ပလီ ကေးရှင်း ဝန်ဆောင်မှုကို သုံးစွဲသူများနှင့် အေးဂျင့်များသည် အင်တာနက်ကွန်ယက်ကို ချိတ်ဆက်နိုင်ခြင်းမရှိသောကြောင့် ဒစ်ဂျစ်တယ်ဘဏ်လုပ်ငန်းနှင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကိုများစွာ ထိခိုက်စေခဲ့ပါသည်။ ထိုဖြစ်ရပ်ကြောင့် ဒစ်ဂျစ်တယ်ဘဏ်လုပ်ငန်းဝန်ဆောင်မှုအား ယုံကြည်သုံးစွဲမှုလျော့ကျပြီး ငွေသားလိုအပ်ချက်ကို ပိုမိုမြင့်မားစေခဲ့ပါသည်။ ၂၀၂၁ ခုနှစ် မေလ အဆန်းပိုင်းမှစ၍ ၎င်းအက်ပလီကေးရှင်း နှစ်ခုလုံးကို 4Gမိုဘိုင်း အင်တာနက် ကွန်ယက်များ၌ ပြန်လည်အသုံးပြုနိုင်ခဲ့ပြီး ယခင်အနေအထားသို့ ပြန်ရောက်အောင် မျှော်လင့်ကြိုးပမ်းလျှက်ရှိပါသည်။

- **မရှိမဖြစ်လိုအပ်သော အခြေခံဝန်ဆောင်မှုများပြတ်တောက်ခြင်း။** ပြည်သူများအတွက် မရှိမဖြစ်လိုအပ်သော ဆေးဘက်ဆိုင်ရာပညာရှင်များ၊ ဘဏ်ဝန်ထမ်း များနှင့် အစိုးရဝန်ထမ်းများအပါအဝင် ပုဂ္ဂလိကဝန်ထမ်း အများအပြား၏ ဝန်ဆောင်မှုများသည်လည်း ပြတ်တောက်ခဲ့ပါသည်။ ထို့ကြောင့် သက်ဆိုင်ရာအာဏာပိုင် များထံမှ ရယူရမည့် ခွင့်ပြုချက်များ (ဥပမာ ဆောက်လုပ်ရေး ပါမစ်များနှင့် အကောက်ခွန်ရှင်းလင်းမှုများ) နှင့် မရှိမဖြစ်လိုအပ်သော အခြေခံဝန်ဆောင်မှုများသည် နှေးကွေးသွားခြင်း သို့မဟုတ် လုံးဝရပ်ဆိုင်းသွားခြင်းတို့ ဖြစ်ပေါ်ခဲ့ပါသည်။

ကုမ္ပဏီအုပ်စုအနေ နှင့် မျှော်မှန်းနိုင်စွမ်းရှိသည့် အနာဂတ်ကာလအတိုင်းအတာတစ်ခုအတွက် စီးပွားရေးလုပ်ငန်းများအပေါ် အနည်းနှင့်အများ အကျိုးသက်ရောက်မည်ဟု အောက်ပါအတိုင်းခန့်မှန်းထားပါသည်။

- **ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ (ရိုးမဘဏ်) ။** ၂၀၂၁ ခုနှစ်၊ မေလအစောပိုင်းမှစ၍ အများပြည်သူအတွက် Flexi Cash Deposit Account ဟုခေါ်သော ငွေစာရင်း အမျိုးအစား အသစ်တစ်ခုကို ဖွင့်လှစ်ပေးခဲ့ခြင်းဖြင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို တဖြည်းဖြည်း ပြန်လည်ရှန်းထလာနိုင်ခဲ့သော်လည်း ငွေသားပြတ်လပ်နေမှုသည် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ အပြည့်အဝ ပြန်လည်ကောင်းမွန်လာစေရေးအတွက် စိန်ခေါ်မှုအဖြစ် ဆက်လက်ရှိနေဦးမည်ဖြစ်ပါသည်။ ထို့အပြင် စီးပွားရေးလုပ်ငန်းများ၏ ပုံမှန်လည်ပတ်နိုင်မှု ဆက်လက်နှောင့်နှေးခြင်းကြောင့် ဘဏ်မှ ချေးငွေရယူထားသော Customer များ၏ အတိုးပေးဆပ်နိုင်မှု နှင့် ချေးငွေများကို ပြန်လည်ပေးဆပ်နိုင်စွမ်းကိုလည်း ထိခိုက်စေခဲ့ပါသည်။ ရိုးမဘဏ်သည် အဆိုပါ Customer များ၏ အခက်အခဲ များကိုကျော်လွှား နိုင်ရန်အတွက် ဖြေလျှော့မှုများ နှင့် အထောက်အပံ့များဖြင့် ကူညီဖြေရှင်းပေးလျက်ရှိသည်မက မသေချာမရေရာသော စီးပွားရေးအခြေအနေတွင် ဘဏ်အား ဆုံးရှုံးနိုင်ခြေ မှ ကာကွယ်နိုင်ရန် ကြိုတင်စီမံ ဆောင်ရွက်ထားပါသည်။

- **ကျန်းမာရေးစောင့်ရှောက်မှု (ပန်းလှိုင်ဆေးရုံများ)** ။ ပန်းလှိုင်ဆေးရုံသည် ကျန်းမာရေး စောင့်ရှောက်မှုကဏ္ဍတွင် ဝန်ဆောင်မှုများ ပြတ်တောက်ခြင်းကြောင့် ကြုံတွေ့ရသော စိန်ခေါ်မှုများကို ကျော်လွှားနိုင်သော်

လည်း ဆေးရုံ၏ ပုံမှန်ဝန်ဆောင်မှုလုပ်ငန်းများလည်ပတ်မှုကို ထိခိုက်ခဲ့သောကြောင့် ပန်းလှိုင်ဆေးရုံ၏ ဝင်ငွေစီးဆင်းမှုကိုလည်း လျော့နည်းစေခဲ့ပါသည်။

- **အိမ်ရာဖော်ထုတ်တည်ဆောက်မှုများ (Star City and City Loft West) ။** Star City ရှိ City Loft နှင့် Star Villas အိမ်ရာများတွင် ရောင်းချထားသော အိမ်ခန်းများအတွက် ဆောက်လုပ်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဆောက်လုပ်ရေးလုပ်ငန်းလည်ပတ်မှုသည် ပုံမှန်ထက် နှေးကွေးနေမည် ဖြစ်သည်။ ထို့နောက် ရောင်းချပြီး အခန်းများအတွက် မရရှိသေးသော ဝင်ငွေများကိုလည်း ဆောက်လုပ်မှုပြီးစီးသည်နှင့် အမျှ ကုမ္ပဏီအုပ်စု၏ ဘဏ္ဍာရေး ရလဒ်တွင် ပါဝင်လာမည်ဖြစ်သည်။ ဆောက်လုပ်ခွင့်ပါမစ်များ နှောင့်နှေးခြင်းနှင့် ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်တွင် ဈေးနှုန်းသင့်တင့်သောတိုက်ခန်းများ ဝယ်လိုအား မသေချာမရေရာမှုတို့ ကြောင့် City Loft West အိမ်ရာစီမံကိန်း တည်ဆောက်မှုအား ယာယီရွှေ့ဆိုင်းခဲ့ပါသည်။

- **အိမ်ရာဝန်ဆောင်မှုများ ။** ၂၀၂၁ ခုနှစ် ၊ အောက်တိုဘာလ နောက်ပိုင်းအတွက် အိမ်ရာ ငှားရမ်းမှုများသည် ဆက်လက်ရှိနေမည်ဟု ခန့်မှန်းထားရှိပြီး စီးပွားလုပ်ငန်းများအတွက် ငှားရမ်းခြင်းသည်လည်း ပိုမိုများပြားလာလိမ့်မည်ဟု ခန့်မှန်းထားပါသည်။ Dulwich College ကျောင်းဝန်းကို ရုံးအဆောက်အဦအဖြစ် ပြောင်းလဲအသုံးချမည် ဖြစ်ပြီး ယခင်က ရုံးအဆောက်အဦ အဖြစ်ယာထားသော Star Hub ကို အဓိက ငှားရမ်းသူများကပင် အဆိုပါ ကျောင်းဝန်းကို ရုံးအဆောက်အဦအဖြစ် ပြောင်းရွှေ့ငှားရမ်းရန် သဘောတူထားပြီး ဖြစ်ပါသည်။ Star City တွင် စီးပွားရေးဆိုင်ရာတည်ဆောက်မှု အစီအစဉ်များကို ယာယီရွှေ့ဆိုင်းထားခြင်း နှင့် Dulwich ကျောင်းကို ခေတ္တပိတ်ထားခြင်းတို့သည် ကုမ္ပဏီ၏ဘဏ္ဍာရေး ရလဒ်အပေါ် ရေတိုကာလတွင် သိသာသော သက်ရောက်မှုရှိမည်မဟုတ်ပါ။

- **အိမ်ရာဖော်ထုတ်တည်ဆောက်ရေး (Yoma Central) ။** မသေချာမရေရာသော စီးပွားရေးအခြေအနေတွင် Yoma Central စီမံကိန်းသည် အခြားသောအကြီးစား ဆောက်လုပ်ရေးစီမံကိန်းများနည်းတူ ကာလတို နှင့် ကာလအတိုင်းအတာတစ်ခုအထိ ယာယီရပ်ဆိုင်းထားမည် ဖြစ်သည်။ ထို့နောက် ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် လုံခြုံမှုရှိစေရန် နှင့် လုပ်ငန်းများယာယီ ရပ်ဆိုင်းထားရန်အတွက် အဓိက လုပ်ငန်းကန်ထရိုက်တာများ နှင့် ညှိနှိုင်း သဘောတူညီမှုများ ရရှိထားပြီးဖြစ်သည်။ ရှယ်ယာရှင်များနှင့် စီမံကိန်းမြီရှင်များသည် စီမံကိန်း ချေးငွေများအတွက် (ကုမ္ပဏီအပေါ်ဝန်ထုပ်မရှိစေရန်ကန့်သတ်ခြင်းဖြင့်) ပြန်လည် ဆွေးနွေးလျက်ရှိကြသည်။ စီမံကိန်းနှင့် သက်ဆိုင်သူ အားလုံးသည် ဈေးကွက် အခြေအနေကို ပြန်လည်သုံးသပ်ရန် နှင့် အခြေအနေများ ပြန်လည်ကောင်းမွန်လာသည့်အခါ ဆောက်လုပ်ရေး နှင့် ငွေကြေးထောက်ပံ့မှု စီမံချက်တို့ကို ပြင်ဆင်သတ်မှတ်နိုင်ရေးအတွက် အပြုသဘောဆောင်သော ဆွေးနွေးမှုများ ပြုလုပ်နေကြသည်။

- **ခရီးသွားလုပ်ငန်းကဏ္ဍ (Memories Group): ။** နိုင်ငံအတွင်း မသေချာမရေရာမှုများ၊ နိုင်ငံဖြတ်ကျော်ခရီးသွားလာမှု ကန့်သတ်ချက်များ၊ သတင်းမီဒီယာတွင် အခြေအနေဆိုးဝါးသည်ဟု ဖော်ပြချက်များ ရှိနေသည့်အတွက် ၂၀၂၁ ခုနှစ်အတွင်း မြန်မာနိုင်ငံသို့ နိုင်ငံတကာခရီးသွားများ ဝင်ရောက်လာရန် မျှော်လင့်၍မရနိုင်သော အခြေအနေသာရှိပါသေးသည်။ ပြည်တွင်း ခရီးသွားများ နှင့် အခမ်းအနားပွဲများအတွက် ဝန်ဆောင်မှုမှ ရရှိမည့်

ဝယ်လိုအား သည်လည်း ဆက်လက် နည်းပါး နေမည်ဟု မျှော်လင့်ရပါသည်။ ရလဒ်အနေဖြင့် Memories Group သည် ၎င်း၏စီးပွားရေး ခန့်မှန်းချက်များကို သိသိသာသာ လျှော့ချထားပါသည်။

**ဆက်လက်လုပ်ဆောင်ချက်များ နှင့် အနာဂတ်အလားအလာ**

၂၀၂၁ ခုနှစ် ၊ မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသွားသော ခြောက်လတာကာလအတွင်း ကုမ္ပဏီအုပ်စုသည် ကောင်းမွန်သော ဘဏ္ဍာရေးဆိုင်ရာ ရလဒ်များ ရရှိခဲ့သော်လည်း အနာဂတ်ကာလတွင် စီးပွားရေးမသေချာမရေရာမှုများ ရှိနေသေးသည့်အတွက် ဆုံးရှုံးနိုင်ခြေများကို ကာကွယ်၍ မိမိ၏လက်ရှိဘဏ္ဍာရေးအခြေအနေကိုထိန်းသိမ်းထားရန် နှင့် ငွေဖြစ်လွယ်မှု အစီအစဉ်များကို အဓိကထား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ COVID-19 ကြောင့် ကုန်ကျစရိတ် ထိန်းချုပ်သည့် လုပ်ဆောင်ချက်များအပြင် ထပ်မံ၍ ကုမ္ပဏီအုပ်စုအဆင့်နှင့် လက်အောက်ခံ ကုမ္ပဏီများအဆင့်တို့တွင် လုပ်ငန်းလိုအပ်ချက်နှင့် လိုက်လျောညီထွေဖြစ်မည့် ဘဏ္ဍာရေးစီမံခန့်ခွဲမှု အစီအမံများကို အကောင်အထည်ဖော်ခဲ့ပါသည်။ အဆိုပါ အစီအမံများတွင် အောက်ပါ အချက်များ ပါဝင်ပါသည် -

(၁) လုပ်ငန်း လည်ပတ်မှုစရိတ်များအား လျှော့ချခြင်း၊

(၂) ငွေလုံးငွေရင်း အသုံးစရိတ်အများစုကို ရပ်ဆိုင်းခြင်း သို့မဟုတ် ဆိုင်းငံ့ခြင်း၊

(၃) မရွှေ့ပြောင်းနိုင်သော ပိုင်ဆိုင်မှုများ (အဆောက်အဦး၊ မြေ) စသည်တို့ကို ငွေသားအဖြစ် ပြောင်းလဲခြင်း နှင့် လုပ်ငန်းသုံးကုန်ပစ္စည်းများ (Inventory) ကို လျှော့ချခြင်း၊

(၄) ချေးငွေပြန်လည်ပေးဆပ်မည့် အစီအစဉ်များကို ဆွေးနွေးသုံးသပ်ခြင်း၊

(၅) ကုမ္ပဏီ၏ လုပ်ငန်းဆောင်တာများကို ကျစ်လစ်စေခြင်း၊ လုပ်သားအင်အားလျှော့ချခြင်း၊ လစာမဲ့ခွင့်များပေးခြင်း နှင့် ဝန်ထမ်းလစာများလျှော့ချခြင်းတို့ဖြင့် ဝန်ထမ်းစရိတ်ကို ၆၀% ကျော်လျှော့ချခဲ့ခြင်း၊ အချိန်အတိုင်းအတာတစ်ခုအထိ ကုမ္ပဏီအုပ်စု၏ အမှုဆောင်ဥက္ကဋ္ဌ နှင့် လုပ်ငန်းဆိုင်ရာအမှုဆောင်အရာရှိချုပ် (Chief Operating Officer) တို့သည် ၎င်းတို့၏ လစာကို ၁၀၀% လျှော့ချထားရန် သဘောတူညီခဲ့သည်။

အထက်ဖော်ပြပါ ကုန်ကျစရိတ် သက်သာစေရန် ဆောင်ရွက်ချက်များမှ အကျိုးရလဒ်များကို လာမည့်ဘဏ္ဍာရေးကာလတွင် တွေ့မြင်နိုင်မည် ဖြစ်သည်။ ကုမ္ပဏီအုပ်စုအဆင့်နှင့် လက်အောက်ခံ ကုမ္ပဏီအဆင့်နှစ်ခုစလုံးတွင် ငွေသား နှင့် ငွေဖြစ်လွယ်မှုကို ထိန်းသိမ်းနိုင်ရန်အတွက် ကုမ္ပဏီအုပ်စုသည် လုပ်ငန်း လည်ပတ်မှုကုန်ကျစရိတ်များကို လျှော့ချခြင်းနှင့် ငွေလုံးငွေရင်း အသုံးစရိတ် အများစုကို အချိန်အတိုင်း အတာတစ်ခုအထိဆိုင်းငံ့ ထားရန်အတွက် ဆက်လက်လုပ်ဆောင် သွားမည်ဖြစ်သည်။

ကုမ္ပဏီအုပ်စုသည် နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများနှင့် အသေးစိပ် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး ၎င်းတို့မှ ကုမ္ပဏီအုပ်စုအပေါ်ထောက်ခံမှု အပြည့်အဝပေးထားပါသည်။ ကုမ္ပဏီအုပ်စုအနေ နှင့် နိုင်ငံရေးအခြေအနေ ပြောင်းလဲတိုးတက်မှုများကို အနီးကပ် စောင့်ကြည့်လျက်ရှိပြီး အခြေအနေများ ပြန်လည် တိုးတက်ပြောင်းလဲလာသည် နှင့်အမျှ လုပ်ငန်းဆောင်ရွက်မှု များအား အလျင်အမြန် ပြုပြင်ပြောင်းလဲနိုင်ရန်အတွက် စီစဉ်ထားရှိပါသည်။

